Myanmar (Burma)

## Kaksikulttuurinen avioliitto/parisuhde

ယဉ်ကျေးမှု ၂ ခုမှ အိမ်ထောင်ရေး၊ ဇနီးခင်ပွန်းဆက်ဆံရေး။

လေးစားအပ်ပါသော စိတ်ပိုင်းဆိုင်ရာပညာရှင်၊

သားဖြစ်သူသည် ဖင်လန်နိုင်ငံသူ မိန်းခလေးကို ဘဝကြင်ဖော်အနေနှင့်၊ အတည်တကျစတင် စီစဉ်နေသောကြောင့်၊ ကျွန်မအနေနှင့် စိုးရိမ်မိပါသည်။ ဖင်းနစ်လူမျိုးများသည် ကောင်းကြပါသည်။ သို့ပါသော်လည်း၊ ကျွန်မတို့၏ယဉ်ကျေးမှုနှင့် လွန်စွာကွာခြား ပါသည်။ အနာဂါတ်တွင်မြေးကလေးများကိုမည်ကဲ့သို့ပြုစုပျိုးထောင်ပြီး၊အကယ်၍အိမ်ထောင်ရေးပြိုကွဲပါကမြေးကလေး(များ)မည်ကဲ့သို့ဖြစ်မည်နည်း၊ စသည်ဖြင့်စိုးရိမ်မိ ပါသည်။ ထို့ကြောင့် ကျွန်မ၏သားအား၊ မိမိတိုင်းပြည်မှလာသော မိန်းခလေးနှင့် အိမ်ထောင်ထူထောင်ခါ အခြေချပါက ပို၍သေချာမည်ဖြစ် ကြောင်း ကြိုးစား၍သတိပေးပါသည်။ ကျွန်မတို့၏ ဆွေမျိုးသားချင်းထဲမှ မိန်းခလေးများ အနေနှင့်လည်း၊ ၎င်းအနေနှင့်လက်ထပ်လိုပါကအဆင်သင့်ရှိနေကြသည်။ ၎င်းအနေနှင့်အလိုမရှိပါ။ ၎င်းသည်အသက်အရွယ်ရောက်ပြီးသူဖြစ်နေသောကြောင့်ကျွန်မအနေနှင့်လည်းအတင်းအကြပ် မပြုလုပ်နိုင်ပါ။ ဤကိစ္စနှင့် ပတ်သက်ပြီး သမီးများ၏အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ပြဿနာဖြစ်နေသော ဆွေမျိုးများကိုလည်း ရှင်းပြရသည့်အခြေအနေမျိုးသို့ဆိုက်ရောက်ရပါသည်။ ၎င်းတို့အနေနှင့် ကျွန်မကိုမကျေနပ်ကြောင်း ကျွန်မသိပါ သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး၊ ကျွန်မနှင့်၊ကျွန်မ၏သားကြားတွင်ပြဿနာဖြစ်လာသည်။ ၎င်းသည် တခါတရံ စိတ်ဆိုးပြီး၊ ကျွန်မ၏ထင်မြင်ယူဆချက်များကိုပင် နားမခံသာပေ။ ဤကဲ့သို့ဖြစ်ပြီးနောက်တွင်၎င်းအနေနှင့်နောင်တရပြီးတောင်းပန်ပြန်သည်။ကျွန်မ၏သားသည် ကလေးဘဝကစ၍ ဖင်လန်နိုင်ငံတွင် ကြီးထွားလာခဲ့သော်လည်း၊ ကျွန်မအနေနှင့်ကိုယ့်နိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများအတိုင်း ကြိုးစားပြီး ပြုစုပျိုးထောင် ခဲ့ပါသည်။ ခင်ပွန်းမရှိပဲ တယောက်တည်း ပြုစုပျိုးထောင်ခဲ့ရသည့်အတွက် မအောင်မြင်ခဲ့ပုံရသည်ဟု ထင်မိပါ သည်။ တခါတရံ ဤအကြောင်းကြောင့် ကျွန်မအနေနှင့် ဝမ်းနည်းမိပါသည်။အဆက်မပြတ်အငြင်းပွါးနေရခြင်းကြောင့်၊ရှိသမျှအားအင်ကုန်ခန်းပြီး၊ယ္ခုတလော အမြဲတမ်းလိုလို ခေါင်းကိုက်သည့်ဝေဒနာကို ခံစားရ ပါသည်။ သို့သော် ကျွန်မတို့အကြောင်း၊ မကောင်းကြောင်း အပြောမခံရစေရန်နှင့် မြေးကလေးများအနေနှင့်မခံစားရစေရန် ကျွန်မအနေနှင့် အတတ်နိုင်ဆုံး ကြိုးစားလိုပါသည်။ ကျွန်မ၏သား စိတ်ပြောင်း နိုင်ဖို့ရန်အတွက် ကျွန်မအနေနှင့် ဘာလုပ်သင့်ပါသနည်း။
နာမည် အမှတ်အသား။ အနာဂါတ်အတွက် စိုးရိမ်သူ။

လေးစားအပ်ပါသော မေးသူရှင့်၊

ယဉ်ကျေးမှုပေါင်းများစွာတို့တွင်မိဘများအနေနှင့်မိမိတို့၏ကလေးများကို အိမ်ထောင်ဖက်ရွေးပေးလေ့ရှိသည်။ ဤလုပ်ဆောင်ရွက်မှုများတွင် ကောင်းသည့်ဖက်ရှိသကဲ့သို့ဆိုးသည့်ဖက်လည်းရှိကောင်းရှိပေမည်။ဖင်းနစ်လူမျိုးများ၏ယဉ်ကျေးမှုတွင်လည်း၊နောင်တချိန်တွင် ဆွေမျိုးတော်စပ်လာမည့်သူများနှင့်အဆင်ပြေရန်မှာ အရေးကြီးပါသည်။လူငယ်အများစုအတွက်၊ မိမိတို့၏မိဘများအနေနှင့် မိမိတို့တွေ့ဆုံလျက်ရှိသောသူများကိုလက်ခံရန်မှာလည်းအရေးကြီးသောကိစ္စဖြစ်ပြီးဆက်ဆံရေးပို၍လေးနက်လာသောအခါမိဘများနှင့်မိမိတို့တွေ့ဆုံနေသည့်သူများကိုတွေ့ပေးကြသည် ကျွန်မတို့၏ ယဉ်ကျေးမှုထဲမှာလည်း၊ ဤကိစ္စများတွင်မိဘများ၏လက်ခံမှုရရှိခြင်းသည်လည်း အလွန်အရေးကြီး သည်။ သင်၏ သားသည် ကလေးဘဝကတည်းကစ၍ဖင်းနစ်လူမျိုးတို့၏ယဉ်ကျေးမှုတွင်ကြီးထွားခဲ့သည်ဟုဖေါ်ပြထားပါသည်။ သင့်တိုင်းပြည်ရှိ၊အနာဂါတ်တွင်ဖြစ်ပေါ်လာ မည့် ဓလေ့ထုံးစံများကို သင်မြင်သကဲ့သို့၎င်းအနေနှင့် မမြင်နိုင်ကြောင်း အင်မတန်မှရှင်းပါသည်။ ၎င်းအနေနှင့်ကွဲပြားခြားနားသော စဉ်းစားပုံ၊ စဉ်းစား နည်း၊ လုပ်ကိုင်ပုံ၊ လုပ်ကိုင်နည်း၊ အတုယူစရာများတို့ကို ကောင်း၍အဓိပ္ပါယ်ရှိသည်ဟုတွေ့မြင်ပြီး၊ ထိုနည်းများ အတိုင်း လုပ်ကိုင်တတ်နေပြီးဖြစ်သည်။ ဤလူမှုဆက်ဆံရေးနှင့်ပတ်သက်ပြီး သင်၏သားအပေါ် ကြိုးစားပြီး ယုံကြည်ပါ။ သင့်အနေနှင့် ဤအခြေအနေကို သင်၏သားမြင်သကဲ့သို့အမြင်ခြင်းမတူပေ။ အဘယ်ကြောင့်ဆိုသော်၊ သင့်အနေနှင့် ၎င်းနှင့်တူညီသော ပတ်ဝန်းကျင်တွင် ကြီးထွားလာခြင်း မဟုတ်ပဲကမ္ဘာကိုပုံဖေါ်ရာတွင်လည်းကွဲပြားခြားနားကြကြောင်းကို သတိရပါ။ မိမိတိုင်းပြည်မှလာရောက်သည့် မိန်းခလေးနှင့် ထိမ်းမြားလက်ထပ်လျှင် ပြဿနာရှင်းမည်ဟု သင့်အနေနှင့်ယုံကြည်သည်။ သင့်သားအနေနှင့် အခြားသူကစီစဉ်ပြီး တည်ဆောက် သည့်အိမ်ထောင်ရေးမျိုးကို မလိုလားပေ။ တနည်းအားဖြင့် အိမ်ထောင်ရေးအစကနဦး၌ပင် ပျော်ရွှင်စရာနှင့် မစပေ။ ၎င်းအနေနှင့် ဤဖင်းနစ်အမျိုးသမီးကို မေတ္တာသက်ဝင်နေသည်။ ဖင်လန်နိုင်ငံသို့ အခြားမှလာရောက်ပြီး လက်ထပ်ရမည့် သတို့သမီးဖက်မှကြည့်ပါကလည်း အင်မတန်မှဝန်လေးပြီး ခက်ခဲသောအခြေအနေမျိုးတွင် ရှိလိမ့်မည်။ ကျွန်မ၏ထင်မြင်ချက်ကို ပြောရမည်ဆိုပါက တရားရာမကျပဲ သူမအား တနည်းအားဖြင့် လှည့်ဖြားရာရောက်ပါသည်။

ဖင်းနစ်အမျိုးသမီးနှင့်အိမ်ထောင်ပြုပါက၊ အိမ်ထောင်ပြိုကွဲမည်ကိုသင့်အနေနှင့်အလွန်ကြောက်ရွံ့သည်။ ယဉ်ကျေးမှုမတူညီသော အိမ်ထောင်ဖက်များတွင်၊စာရင်းဇယားများအရတဝက်ကျော်ကျော်သည်ပြိုကွဲကြသည်။ မည်သို့ပင်ဆိုစေ၊ဖင်လန်နိုင်ငံသို့အခြားမှရွှေ့ပြောင်းလာသည့် အများစု၏အကြောင်းပြချက်မှာဖင်းနစ်လူမျိုးများနှင့်ထိမ်းမြားလက်ထပ်ရန်ဖြစ်သည်။ ဖင်လန်နိုင်ငံတွင်လက်ထပ်ထားသည့်အတွဲပေါင်း ၁၀တွဲ၊တွဲတွင်၁တွဲသည်ယဉ်ကျေးမှုပေါင်းစုံမှဖြစ်သည်။ ယဉ်ကျေးမှုပေါင်းစုံမှ၊ထိမ်းမြားလက်ထပ်ခြင်းမရှိပဲအတူတကွနေထိုင်ခြင်းနှင့်လက်ထပ်ထားခြင်းရှိသော အတွဲ ပေါင်းစုစုပေါင်းလေးသောင်းကျော်ရှိသည်။ယဉ်ကျေးမှုပေါင်းစုံအိမ်ထောင်ရေးသည်သာမန်ထက်ပို၍ကောင်းမွန်တိုးတက်မှုရှိပြီး၊ ယဉ်ကျေးမှု ၂ ခုတွင်ကြီးထွားသောကလေးများအတွက်ဘဝအသက်တာတွင်အကောင်းဆုံးသောအခွင့်အရေးမျိုးဖြစ်သည့်ဘာသာစကား ၂မျိုး (သို့) ၎င်းထက်ပိုသောဘာသာစကားများကျွမ်းကျင်မှုအခွင့်အရေးမျိုးကိုရရှိပြီး၊ပြိုင်ဖက်ကင်းသောယဉ်ကျေးမှုကျွမ်းကျင်သူများလည်းဖြစ်ဖို့ရန်အခွင့်အရေးမျိုး ကို

ပေး သည်။ အိမ်ထောင်ရေးပြဿနာမှန်သမျှကို ကွဲပြားခြား နားသည့်ယဉ်ကျေးမှုကြောင့်ဟု မစဉ်းစားသင့်ပေ။ တနည်းအားဖြင့် မိမိအနေနှင့် ပွင့်လင်းသောတုန့်ပြန်မှုရှိလျှင်ကောင်းမည်။လူငယ်မိသားစုပတ်ဝန်းကျင်ရှိလူများအနေနှင့်၎င်းတို့ကိုအထောက်အကူပြုပြီးလက်ခံသင့်သည်။ သင်၏သားအနေနှင့်အခြားသောယဉ်ကျေးမှုပေါင်းစုံမှဖြစ်လေ့ဖြစ်ထရှိသောစုံတွဲများ၏အဖြစ်အပျက်များနှင့်မတူပဲ၊အစပျိုးသည့်နေရာမှာ အခြားသူ များနှင့် အနည်းငယ်ကွဲပြားခြားနားမှုရှိ ကြောင်း သတိပြုရန်လည်းလိုသည်။ ၎င်းအနေနှင့် ဖင်းနစ်လူမျိုးတို့၏ ယဉ်ကျေးမှုတွင်ကလေး ဘဝမှနေ၍ ကြာရှည်စွာကြီးထွားလာခဲ့သူလည်းဖြစ်သည်။

ဤကိစ္စတွင် သင်၏သား စိတ်ပြောင်းအောင် ပြုလုပ်နိုင်မည်ဟုမထင်ပါ။ မေတ္တာသက်ဝင်ပြီး ခံစားမှုနှင့် ပတ်သက် သည့်ကိစ္စများတွင်၊ အများအားဖြင့် အကျိုးအကြောင်းကိုးကားပြောပြ၍ ရလေ့မရှိပါ။ သင့်အနေနှင့်၊နားထောင်သူ၏နေရာတွင်ကြိုးစား၍နေရန်၊ကျွန်မအနေနှင့် အကြံပြုလိုပါသည်။သင့်သား၏ဆုံးဖြတ်ချက်စွမ်းအားကိုကြိုးစား၍ယုံပြီး၊၎င်းနှင့်အတူတကွ၎င်း၏အမျိုးသမီးကိုအထောက်အကူပြုသူအဖြစ်ရပ်တည်ပါ။ ဤသည်မှာ၊တခုတည်းသော၊ရှေ့ရေးအတွက်အကောင်း ဆုံးသော အဖြေသာဖြစ်ပါသည်။ သင်ရရှိလာမည့် မြေးများကို သင်၏ ယဉ်ကျေးမှုအတိုင်း ပြုစုပျိုးထောင်ရန်ကြိုးစားမှုမှာလည်းအရေးကြီးလာမည်ဖြစ်သည်။ ဥပမာအားဖြင့်သင့်သားမပြုလုပ်နိုင်သည့်၊သင့်သားမသိသည့်၊သင့်အနေနှင့်ပြောပြ နိုင်သောအကြောင်းအရာများနှင့် အတွေ့အကြုံများကို ၎င်းတို့အားသင့်အနေနှင့် ပေးရန် ရှိသည်။ သင့်မြေးများနှင့် ဆက်ဆံရေးပြေပြစ်မှုကို တည်ဆောက်နိုင်ရန်အတွက်အစပြုသည့်အနေနှင့်၊ သင့်သား၏အမျိုးသမီးနှင့်ကောင်းသောဆက်ဆံရေးနှင့်ယုံကြည်စိတ်ချဖွယ်ရှိသော ဆက်ဆံရေးကို ယှဉ်ပြင် စတင်၍ ဖန်တီးနိုင်ပါသည်။ လူတို့၏ နှုတ်မှထွက်သောစကားများနှင့် စဉ်းစားသည့်အတိုင်း သင်၏အသက်တာကို အသက်ရှင်၍မရပါ။ ပြစ်တင်ဝေဖန်သူများနှင့်မနာလိုမရှုစိမ့်သူများမှာအမြဲတမ်းရှိနေပါသည်။ မိမိနှင့်တကွမိမိ၏မိသားစုအနေနှင့် ဟန်ချက်ညီမှုအနေအထားတွင်ရှိနိုင်ရန်ကို ဦးစားပေးပါ။

စီး(ရ်)ကူ၊ စွိ(က်)ကာနယ်(န်)
စိတ်ပိုင်းဆိုင်ရာပညာရှင်